ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် (၈၀ / ၂၀၁၉)
၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၁၃ ) ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

**နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှ ထွက်ရှိသည့် ကျွန်း/ သစ်မာသစ်လုံး၊ ကျွန်း/ သစ်မာတိုင်၊ ကျွန်း/ သစ်မာမျောများကို ပြည်ပသို့အလုံးလိုက်တင်ပို့ခွင့်ပြုရန် တင်ပြလာသည့် ကိစ္စရပ်တစ်ခုချင်းစီ အလိုက် ဌာနဆိုင်ရာညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ/မရှိ (Case by Case basis) ဖြင့်စိစစ်၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်းကြေညာခြင်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊ တန်ဖိုးမြင့်သစ်ကုန်ချောများ တိုးတက် ထုတ်လုပ်၍ ဝင်ငွေပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးတို့ကို ရှေ့ရှု၍ နိုင်ငံတော် အတွင်း သစ်ထုတ်လုပ်မှုပမာဏကို လျှော့ချဆောင်ရွက်သည့် ကနဦးလုပ်ငန်းစဉ်အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းလိုက်ကြောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ မြန်မာ့သစ်တောမူဝါဒ၊ အမျိုးသားသစ်တောကဏ္ဍာပင်မစီမံကိန်းနှင့် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များအရ နိုင်ငံ၏စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံပိုင်ကဏ္ဍာတွင် စီးပွားရေးကျွန်းနှင့် သစ်မာစိုက်ခင်းများကို တည်ထောင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍာတွင် ပုဂ္ဂလိကကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးနှင့် နိုင်ငံ့စီးပွားရေး၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောဥပဒေ ပုဒ်မ ၁၄ နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ တို့အရ ပုဂ္ဂလိကလုပ်ငန်းရှင် များအား ကျွန်းနှင့် သစ်မာစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခွင့်ပြုခဲ့ရာ အဆိုပါစိုက်ခင်းများမှ ထွက်ရှိသည့် ကျွန်း/သစ်မာ သစ်လုံး၊ ကျွန်း/သစ်မာ တိုင်၊ ကျွန်း/သစ်မာ မျော များအား တည်ဆဲဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့အလုံးလိုက်တင်ပို့ရောင်းချခွင့်ပြုရန် လိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံပိုင် နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှထွက်ရှိသည့် ကျွန်း/သစ်မာ သစ်လုံး ၊ ကျွန်း/ သစ်မာတိုင်၊ ကျွန်း/သစ်မာမျောများကို ပြည်ပသို့ အလုံးလိုက်တင်ပို့ခွင့်ပြုရန် တင်ပြလာသည့်

ကိစ္စရပ်တစ်ခုချင်းစီအလိုက် သစ်တောဦးစီးဌာန၏ ဌာနဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း စနစ်တကျဆောင်ရွက်ထားခြင်း ရှိ/မရှိ (Case by Case basis )ဖြင့် စိစစ်၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃) ရက် ၊ (၂၀၁၉ ခုနှစ် ၊ မေလ ၃၁ ရက်) မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ် ။ ။ (သစ်တော) ၃(၂)/၀၆(က)( ၂၂၉၉ / ၂၀၁၉)

ရက် စွဲ ။ ။ ၂၀၁၉ ခုနှစ် ၊ မေလ ၃၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး...................ဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
တိုင်းဒေသကြီး/ ပြည်နယ်..........................အစိုးရအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန
ပါမောက္ခချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံ ပြန်တမ်းအပိုဒ် (၂) တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်
အမိန့်ကြော်ငြာစာတွဲ
ရုံးလက်ခံ၊ မျှော
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန၊ သစ်တောဦးစီးဌာန

အမိန့်အရ

(ခင်မောင်ရီ)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန